# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

**Date – 9/3/2022**

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကချင်ပြည်နယ်

- မတ်(၈)ရက်နေ့က မံစီမြို့နယ်၊မိုင်းခေါင်ကျေးရွာအနီး၊မဂျီဘွမ်ဗျူဟာကုန်းသို့ စကစတပ် ခ.လရ (၁၂၁)၊ စကစတပ်သား အင်အား(၁၀၀)ခန့်ဖြင့် အင်အားဖြည့်လာသောကြောင့် ပြည်သူ့ကာကွယ်ရေး တပ်ပေါင်းစုများက ခုခံတိုက်ခိုက်ခဲ့ရာ (၄)နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိခိုက်ကျဆုံးကို စုံစမ်းနေဆဲ ဖြစ်ကြောင်း သိရသည်။
- မတ်(၈)ရက်နေ့၊ည(၇)နာရီခန့်က မိုးကောင်းမြို့နယ်၊ တောင်နီကျေးရွာအနီးတွင် စကစယာဉ်တန်းကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းစုအဖွဲ့က မိုင်းဆွဲတိုက်ခိုက်ရာ တပ်ကြပ်ကြီးနေမျိုးထက် အပါအဝင် စကစတပ်သား(၁၀)ဦးထက်မနည်း သေဆုံးပြီး ဆီဘောက်ဆာကားတစ်စီးနှင့်ကား(၄)စီး ပျက်စီး ခဲ့ကြောင်း သိရသည်။

### ကရင်ပြည်နယ်

မတ်(၉)ရက်နေ့က မြဝတီမြို့နယ်၊လေးကေ့ကော်မြို့သစ်ကို စကစတပ်မှ လေယာဉ်(၂)စီးဖြင့် ဗုံးလာကြဲချိန် တွင် ဒေသခံတော်လှန်ရေးတပ်ဖွဲ့များ၏ခုခံတိုက်ခိုက်မှုကြောင့် လေယာဉ်(၁)စီးမှာ မိနစ်ပိုင်းအကြာတွင် လှည့်ပြန်သွားပြီး နောက်တစ်စီးမှာ RPG ရှပ်ထိကာ ပြန်လှည့်ပြန်သွားခဲ့သည်။

### မွန်ပြည်နယ်

မတ်(၇)ရက်နေ့က ရေးမြို့နယ်၊ ကလာ့လေးကျေးရွာနှင့်ဝယ်ရက်ကျေးရွာအကြားရှိ တနင်္သာရီလမ်းမပေါ်တွင် ရေးမြို့နယ်အခြေစိုက် တပ်ရင်း (၃၁၆) အမြောက်တပ်မှ စကစFaw ကားကို ရေးပြောက်ကျားအဖွဲ့(YGF)မှ မိုင်းခွဲတိုက်ခိုက်ရာ(၃၁၆)အမြောက်တပ်မှ ဗျူဟာမှူး(၁)ဦးအပါအဝင်စကစတပ်သား(၅)ဦး သေဆုံးခဲ့ကြောင်း သိရသည်။

### ရှမ်းပြည်နယ်

မတ်(၈)ရက်နေ့၊နေ့လယ်(၁၂:၃၅)နာရီခန့်က တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့ရဲစခန်း ဗုံးခွဲတိုက်ခိုက်ခံရပြီး အနည်းဆုံး ရဲနှစ်ဦး ထိခိုက်မှုရှိနိုင်ကြောင်း သိရသည်။

### ချင်းပြည်နယ်

မတ်(၉)ရက်နေ့၊မနက်(၁၀:၃၀)နာရီခန့်က ချင်းပြည်နယ်အစပ်ရှိ ကချောင်းရွာတွင် စကစတပ်နှင့် CDF-Kanpetlet, ယောဒေသကာကွယ်ရေးအဖွဲ့တို့ တစ်နာရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ရာ စကစတပ်သား (၅)ဦး သေဆုံးပြီး အများပြားဒဏ်ရာရကြောင်း သိရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## စစ်ကိုင်းတိုင်း

မတ်(၉)ရက်နေ့မနက်အစောပိုင်းက ချောင်းဦးမြို့နယ်၊ကန်ကြီးကျေးရွာတွင် တပ်စွဲထားသော စကစနှင့် ပျူစောထီးများကို MRA (Myaung Revolution Army)၊ Zero ပြောက်ကျားတပ်ဖွဲ့(မြင်းခြံ)၊ MGN 35 ပြောက်ကျားတပ်ဖွဲ့(မြင်းခြံ)၊ LDF ချောင်းဦး၊ CRA ချောင်းဦးတို့မှ (၃)နာရီကြာ တိုက်ခိုက်ခဲ့ရာ ပျူစောထီး (၅)ဦးသေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်သား(၃)ဦးဒဏ်ရာရရှိခဲ့သည်။တိုက်ပွဲအပြီးတွင် စကစတပ်သားများနှင့်ပျူစောထီးများက ယာကြီးကျေးရွာ၊ ဝယာကျေးရွာ၊ ရွှေကူကျေးရွာများရှိ နေအိမ်များကို မီးရှို့ခဲ့သည်။

## မကွေးတိုင်း

မတ်(၈)ရက်နေ့မနက်(၈:၃၀)နာရီခန့်က ဆောမြို့နယ်၊ ကျောက်ထုမြို့တွင် ပတ်ကင်းလှည့်နေသည့် စကစ တပ်သား (ရဲများအပါအဝင်) (၂၀)ဦးခန့်ကို ကျောက်ထု PDF မြို့ပြပြောက်ကျားတပ်ဖွဲ့နှင့် CDF (Mindat)တို့ ပူးပေါင်းပြီး မိုင်းများ၊လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစတပ်သား(၇)ဦးသေဆုံးပြီး (၈)ဦးခန့် မိုင်းထိမှန် ဒဏ်ရာရခဲ့သည်။

## ပဲခူးတိုင်း

မတ်(၈)ရက်နေ့မနက်(၉)နာရီခန့်က ပေါင်းတည်မြို့နယ်၊ သိမ်ကုန်းအုပ်စု၊ လဲပင်ကျေးရွာအထက် ပဲခူးရိုးမ ပေါ်သို့တက်လာသည့် စကစတပ်သား(၁၇)ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မတော်က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစဘက်မှ သေဆုံးမှုအရေအတွက်ကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကချင်ပြည်နယ်

မတ်(၈)ရက်နေ့က ပူတာအိုမြို့နယ်၊ ဆွမ်ပီယန်ကျေးရွာတွင် စကစတပ်သားများက ပြည်သူများပိုင် ဆိုင်ခန်းများနှင့်နေအိမ်(၂၀)ကျော်ကို ဝင်ရောက်ဖျက်ဆီးပြီး ပစ္စည်းများကို ကားများဖြင့် စိတ်ကြိုက် သယ်ဆောင်သွားကြောင်း သိရသည်။

## ရှမ်းပြည်နယ်

- မတ်(၈)ရက်နေ့မနက်ပိုင်းက ပင်းတယမြို့နယ်၊ပန်းစစ်ကျေးရွာမှ ကိုကျော်ဆန်းနှင့် နေ့လယ်ပိုင်းတွင် ရွာငံမြို့နယ်၊ လုကျေးရွာမှ ဘုန်းကြီးတစ်ပါးအပါအဝင်(၄)ဦး ကို စကစတပ်သားများက ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။
- မတ်(၆)ရက်နေ့က ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့တွင် စကစတပ်သားများ ဖမ်းဆီးခေါ်ဆောင်သွားသော ပွဲကုန်း(၁)ရပ်ကွက်မှ ကလေး(၂)ဦးဖြစ်သည့် မောင်ဩဂတ်စတင်း(ဘ)အန်တောညို့နှင့်မောင်လာဇရု (ဘ)မာနွယ်လတ်တို့၏သေဆုံးနေသောအလောင်းများကို ဝါရီဆူးပလိုင်ရွာအနီးတွင် တွေ့ရှိခဲ့ရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

Date – 9/3/2022

## ကရင်နီ(ကယား)ပြည်နယ်

မတ်(၈)ရက်နေ့က လွိုင်ကော်မြို့နယ်၊ လွိုင်ကော်မြို့၊ ရွာတန်းရှည်တွင် မကွဲသေးသည့် လက်နက်ကြီးကျည် တစ်လုံးတွေ့ရှိခဲ့ပြီး တချို့သောပြည်သူ့နေအိမ်များကို စကစတပ်သားများ ဝင်မွှေထားပြီး တန်ဖိုးကြီးပစ္စည်းများ ယူသွားကြောင်း သိရသည်။

## မကွေးတိုင်း

- မတ်(၉)ရက်နေ့မနက်ပိုင်းက ပေါက်မြို့နယ်၊ ရွှေဘုံသာရွာကို စကစတပ်သားများက ပိတ်ဆို့ပြီး မီးရှို့ခဲ့သောကြောင့် ပြည်သူပိုင်နေအိမ်(၆)လုံး မီးလောင်ပျက်စီးခဲ့သည်။
- မတ်(၈)ရက်နေ့မနက်ပိုင်းက ဆောမြို့နယ်၊ ကျောက်ထုမြို့တွင် စကစတပ်သားများက အပြစ်မဲ့ ဒေသခံ အမျိုးသမီး(၃)ဦးနှင့်အမျိုးသား(၂)ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

## စစ်ကိုင်းတိုင်း

မတ်(၈)ရက်နေ့က ကလေးမြို့နယ်၊နတ်မြောင်းရွာရှိ အောင်မြေရာပြည့်ဘုန်းတော်ကြီးကျောင်း စစ်ရှောင်စခန်းကို စကစတပ်သားများက လက်နက်ကြီးနှင့်ပစ်ခတ်ခဲ့ရာ စစ်ရှောင်ပြည်သူ (၅)ဦး ထိခိုက်ဒဏ်ရာရပြီး (၁)ဦး စိုးရိမ်ဒဏ်ရာ ရရှိခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*